ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

ကြံခင်းမြို့နယ်

လူထုဗဟိုပြုစီမံကိန်း

National Community Driven Development Project

(NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan(VDP)

ကြံခင်းမြို့နယ်

၂၀၁၈ - ခုနှစ် ကွင်းကြီးအုပ်စု ၊အုပ်ပွံ့ကျေးရွာ

**မာတိကာ**

၁. မြို့နယ်မြေပုံ

၂.ကျေးရွာမြေပုံ (တည်နေရာ)

၃.အုပ်စုတွင်ပါဝင် သောကျေးရွာများစာရင်း

၄.ကျေးရွာအခြေခံအချက်အလက်များ

၅.လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်
(PSA/PRA)အကျဉ်းချုပ်ဇယား

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools များနှင့်တစ်ခုချင်းစီ
အတွက်သုံးသပ်ချက်များ

၇.ကော်မတီဝင်များရွေးချယ်ခြင်းနှင့်
ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈.ကော်မတီဝင်များစာရင်း

၉.ကျေးရွာအချက်အလက် (ပုံစံ-၁)

၁၀.စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)


၁၁.ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၂.ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)

၁၃.အစည်းအဝေးမှတ်တမ်းများ


၁၄.ကဏ္ဍာအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

## ၁. မြို့နယ်မြေပုံ



ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြ မြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲ ခူး တိုင်း ဒေ သ ကြီး
ဧရာဝတီမြစ်
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကြံခင်းသစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ဖါးတရုဉ်းချောင်း
ကျောက်နီချောင်း
မျှင်ဝါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ပတော်သစ်တော ကြိုးဝိုင်း
ရွှေသမင်သစ်တော ကြိုးဝိုင်း
ရခိုင် ပြည် နယ်
မြန်အောင် မြို့ နယ်
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

## ၂. ကြံ့ခင်းမြို့နယ် ကွင်းကြီးကျေးရွာအုပ်စုပြမြေပုံ




ကွင်းကြီးကျေးရွာအုပ်စုပြမြေပုံ

**၃. အုပ်စုတွင်ပါဝင်သောကျေးရွာစာရင်း** (ကွင်းကြီးကျေးရွာအုပ်စု)

၁. ကွင်းကြီးကျေးရွာ

၂. သံအိုးကင်းကျေးရွာ

၃. မှန်ကွင်းကျေးရွာ

**၄. အုပ္ပုံကျေးရွာ**

၅. သုမင်္ဂလ(ဝက်လူး)ကျေးရွာ

ကွင်းကြီးကျေးရွာအုပ်စုသည် ကျေးရွာပေါင်း(၅)ရွာ ဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။

## ၄။ အုပ္ပံ့ကျေးရွာ၏အခြေခံအချက်အလက်များ

ဧရာဝတီတိုင်း ၊ကြံခင်းမြို့နယ်၊ ကွင်းကြီးအုပ်စု၊ အုပ္ပံ့ကျေးရွာသည် အိမ်ခြေ (၆၇) အိမ်ရှိသော ကျေးရွာတစ်ရွာဖြစ်ပါသည်။ အုပ္ပံ့ကျေးရွာသည် ၁၂၉၄-ခုနှစ်ခန့်တွင် အိမ်ထောင်စု ၂၀-စု ခန့်ဖြင့် ရွာ-တည်ခဲ့ပါသည်။ အုပ္ပံ့ကျေးရွာကို ဖြစ်ပေါ်လာရခြင်းမှာ ကျေးရွာ၏ အရှေ့ဘက်တွင်ရှိသော ထုံးတောင်ကြီး၏ တောင်ထိပ်၌ စေတီတည်ရာတွင် အုပ္ပံ့ကျေးရွာမှ မြေများကို အုတ်ဖုတ်၍ လက်ဆင့်ကမ်းသယ်ယူ တည်ဆောက်ခဲ့ပါသည်။ ထိုအကြောင်းကို အစွဲပြု၍ အုပ္ပံ့ကျေးရွာဟု အမည်တွင် မှည့်ခေါ်လာခြင်းဖြစ်ပါသည်။

ကျေးရွာသူ/ သားများသည် ထုံးတောင်ကြီးပေါ်တွင် တောင်ယာခုတ်ထွင် စိုက်ပျိုးခြင်းဖြင့် အ-သက်မွေးဝမ်းကြောင်း ပြုလုပ်နေကြရပါသည်။ ရွာနှင့် ထုံးတောင်ကြားရှိ မြေကွက်လပ်များကိုလည်း လယ်မြေဖော်ထုတ်၍ အသက်မွေးဝမ်းကြောင်းကြပါသည်။ ၁၃၂၅-ခုနှစ်ခန့်လောက်တွင် သူပုန်များကင်းစင်ပြီး အဖြူရောင်နယ်မြေဖြစ်ခဲ့ပါသည်။

ရွာတည်စတွင် အိမ်ခြေပေါင်း ၂၀-ခန့်ဖြင့် စတင်တည်ထောင်ခဲ့ပြီး ယခုအချိန်တွင် အိမ်ခြေ-ပေါင်း ၆၃-အိမ် ရှိပါသည်။ ကျေးရွာသူ/ သားများသည် ၊ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပြီး ဘုန်းကြီး-ကျောင်းစေတီများလည်း ရှိပါသည်။

ရွာ၏ပညာရေးအတွက် အခြားကျေးရွာများသို့ သွားရောက်ပညာသင်ကြားနေကြရပြီး ကျန်း-မာရေးဆေးပေးခန်း ပညာဗဟုသုတ ရရှိနိုင်မည့် စာကြည့်တိုက်ကဲ့သို့သော အဆောက်အဦးများမရှိပါ။ လူအများစုဝေးရန် နေရာမရှိသည့်အတွက် အစည်းအဝေးပြုလုပ်ရန် အခက်အခဲရှိပါသည်။ ထို့ကြောင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစစအရာရာ နောက်ကျလျှက်ရှိသည်။


## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | လူမှုနှင့်သဘာဝအရင်းမြစ်ပြမြေပုံ (Social map & Resource map) | ၂၄-၅-၂၀၁၇ | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ရပ်ရွာလူထုများ | ၂၀ | ၂၅ | ၄၅ | -ဒေသတွင်းသဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်အဦများ<br>-ဘာသာရေးအဆောက်အဦများ<br>-လမ်းပမ်းဆက်သွယ်ရေး |
| ၂။ | ရာသီခွင်ပြပြက္ခဒိန် (Seasional Calendar) | ၂၄-၅-၂၀၁၇ | ကော်မတီဝင်များ၊ရပ်ရွာလူထုများ | ၂၀ | ၂၅ | ၄၅ | -ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်ကိုင်အခွင့်လမ်းများ၊ပွဲတော်များ၊သဘာဝဘေးများ၊လယ်ယာလုပ်ငန်းနှင့်အခြားလုပ်ငန်းများ |
| ၃။ | လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း (Wealth Ranking) | ၂၄-၅-၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်နွမ်းပါးအုပ်စုများ | ၂၀ | ၂၅ | ၄၅ | -ကျေးရွာ လူမှုစီးပွားအုပ်စုများခွဲခြားသက်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ အများသဘောတူသက်မှတ်နိုင်ရေး<br>-ကျေးရွာ၏လူမှုစီးပွားအခြေအနေ |
| ၄။ | အဖွဲ့စည်းချိတ်ဆက်မှုပြမြေပုံ (Venn Diagram) | ၂၄-၅-၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊အခြားအဖွဲ့တွင်ပါဝင်သူများ | ၂၀ | ၂၅ | ၄၅ | -ကျေးရွာတွင်း ၊ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက်ဆောင်ရွက်နေပုံ။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅။ | ပင့်ကူအိမ်ကွန်ယက်<br>(Cobweb) | ၂၆-၉-၂၀၁၇ | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | ၂၀ | ၂၅ | ၄၅ | -နေ့စဉ်ဘဝအတွက်ဆောင်ရွက်မှုတွင် အမျိုးသားနှင့်အမျိုးသမီးတို့ပါဝင်မှုအချိုး<br>-အမျိုးသားနှင့်.အမျိုးသမီးတန်းတူအခွင့်ရေး ရရှိနိုင်မှုပေါ် သုံးသက်ခြင်း |
| ၆။ | အရင်းမြစ်များ<br>အပေါ်<br>အသုံးချနိုင်မှု၊<br>လွှမ်းမိုး<br>မှုနှင့်ဆုံးဖြတ်နိုင်မှု<br>(Assent Mapping) | ၂၆-၉-၂၀၁၇ | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | ၂၀ | ၂၅ | ၄၅ | -အရင်းမြစ်များပေါ် တွင် (အမျိုးသားနှင့်အမျိုးသမီးများ)အသုံးပြုနိုင်မှုနှင့် ထိန်းချုပ်မှုသည်မည်သည့်အကြောင်းကြောင့်နည်း။မည်သို့ညီမျှစွာခံစား<br>ခွင့်ရမည်နည်း။ |
| ၇။ | အခက်ခဲပြသနာ<br>(Problem) | ၂၆-၉-၂၀၁၇ | ကော်မတီဝင်များနှင့်ရပ်ရွာလူထုများ | ၂၀ | ၂၅ | ၄၅ | -ဒေသဖွံ့ဖြိုးရေးအတွက်အနှောင့်အယှက်အတားဆီး၊အခက်ခဲများ<br>-လိုအပ်ချက်များ |
| ၈။ | ကျေးရွာမျှော်မှန်းချက်<br>(Village Vision) | ၂၆-၉-၂၀၁၇ | ကော်မတီဝင်များနှင့်ရပ်ရွာလူထုများ | ၂၀ | ၂၅ | ၄၅ | -ဒေသဖွံ့ဖြိုးရေးအတွက်ဘာတွေကိုမျှော်မှန်းထားသလဲ<br>-<br>ဘာကြောင့်မျှော်မှန်းထားမှု |
| ၉။ | ကျေးရွာ<br>ဦးစားပေး<br>လုပ်ငန်း | ၂၆-၉-၂၀၁၇ | ကော်မတီဂင်များရပ်ရွာလူထုများ၊တက်ရောက်သူအားလုံး | ၂၀ | ၂၅ | ၄၅ | အကျိုးပြုဦးရေအကျိုးခံစားခွင့်<br>လိုအပ်ချက်<br>အဆင့်သတ်<br>မှတ်ခြင်း |

## ၆. ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များ နှင့် တစ်ခုခြင်းစီအတွက် သုံးသပ်ချက်များ

(က) လူမှုအရင်းအမြစ်ပြမြေပုံ နှင့် သုံးသပ်ချက်



လူမှုအရင်းအမြစ်ပြမြေပုံ

**လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ (ဆွေးနွေးချက်နှင့်ဆန်းစစ်ခြင်း)**


- ကျေးရွာအနီးရှိ လယ်မြေများ ယာမြေများ ဝါးတောများ ထုံးတောင်များကို တွေ့ရှိခဲ့ရပြီး ဆန်စပါးနှင့် တောင်ယာပဲခင်းများ စိုက်ပျိုးဖြစ်ထွန်းစေသည့်အပြင် ဒေသအရင်းအမြစ်ဖြစ်သော ထုံးတောင်မှာသက်နအမျိုးအစားထုံးတောင်တစ်ခုဖြစ်ကြောင်းသိရှိခဲ့ရပါသည်။
- ကျေးရွာတွင်းရှိ လမ်းများနှင့် ကျေးရွာချင်းဆက် လမ်းများမှာ မြေသားနှင့် သဲမြေ ရောနှောနေ-သော အမျိုးအစားဖြစ်ပြီး မိုးတွင်းကာလတွင် သွားလာရေးခက်ခဲသော လမ်းအမျိုးအစားဖြစ်ပြီး ပထမနှစ်စက်ဝန်းတွင် ရွာတွင်းချောင်းကျောက်လမ်းခင်းခြင်း၊ ဒုတိယနှစ်စက်ဝန်းတွင် အုပ်စု သဘောတူညီချက်အရ စီမံကိန်းရပ်နားခဲ့ပါသည်။ တတိယနှစ်စက်ဝန်းတွင် အစည်းအဝေခန်း-မ ပြုလုပ်ရန် ဆန္ဒရှိကြောင်း သိရှိခဲ့ရပါသည်။
- ကျေးလက်ဆေးပေးခန်း မရှိ၍ ကျန်းမာရေး စောင့်ရှောက်မှုအတွက် နှောင့်နှေးကြန့်ကြာမှု ရှိပါသည်။
- ပညာရေးအနေဖြင့် ကျေးရွာတွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းပညာရေးကို အနီးကျေးရွာအုပ်စုနှင့် မြို့နယ်ကျောင်းများသို့ သွားရောက်သင်ကြားကြပါသည်။
- ဘုရားစေတီနှင့်ဘုန်းတော်ကြီးကျောင်းများရှိပြီးကျေးရွာတွင်အလှူအတန်းများ ပြုလုပ်ခြင်း၌ ပျော် မွေ့ကြပြီးဘာသာတရားရိုသေကိုင်းရှိုင်းသော ကျေးရွာသူ ကျေးရွာသားများဖြစ်ကြောင်း သိရှိရပါသည်။

**<u>ဖွံ့ဖြိုးရေးလိုအပ်ချက်</u>**

- လူအများစုဝေးနိုင်ရန် ဘက်စုံသုံးခန်းမ
- ကျေးရွာတွင်း လျှပ်စစ်မီးရရှိရေး
- ရွာချင်းဆက်လမ်း၊ ကောင်းမွန်ရေး
- ရေရရှိရေး
- ဝင်ငွေတိုးလုပ်ငန်းများ
- အလုပ်အကိုင်အခွင့်အလမ်းများ
  - ကြက်၊ ဝက် မွေးမြူရေး နှင့် မွေးမြူရေးဆိုင်ရာ သင်တန်းများ
  - စိုက်ပျိုးရေးအတွက် ချေးငွေ
  - စိုက်ပျိုးရေးအတွက် သင်တန်းများ
  - အသက်မွေးဝမ်းကြောင်းအတွက် လက်မှုပညာဆိုင်ရာ သင်တန်းများ

## ၆. ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များ နှင့် တစ်ခုခြင်းစီအတွက် သုံးသပ်ချက်များ

(၁) ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်



ရာသီခွင်ပြ ပြက္ခဒိန်


**ရာသီခွင်ပြပြက္ခဒိန် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

လယ်ယာလုပ်ငန်းနှင့် တောင်ယာလုပ်ငန်းသည် ကျေးရွာ၏ အဓိကလုပ်ငန်းများဖြစ်သည်။

- ရာသီအလိုက် မြေဩဇာချခြင်း၊ ပျိုးကြဲခြင်း၊မြက်တူးခြင်း၊ ကောက်စိုက်ခြင်း၊ ကောက်ရိတ်ခြင်း၊ မြက်ကောက်ခြင်း စပါးခြွေခြင်းနှင့် အင်ဖက်ခူးခြင်း ပဲစိုက်ပဲနှုတ်ခြင်း စသောအလုပ်အကိုင်များ ရာသီအလိုက် လုပ်ကိုင်ကြပြီး လုပ်အားခဝင်ငွေများ ရရှိကြပါသည်။
- ကဆုန်လတွင် ထင်းခုတ်ခြင်းလုပ်ငန်း၊ နယုန်လတွင် ပျိုးကြဲခြင်းလုပ်ငန်း၊ ဝါဆိုနှင့် ဝါခေါင်လတွင် လယ်ထွန်ခြင်း၊ ကောက်စိုက်ခြင်း၊ တော်သလင်း/ သီတင်းကျွတ်လများတွင် နှမ်းကြဲခြင်း၊ တန်ဆောင်မုန်းနှင့် နတ်တော်လတို့တွင် ကောက်ရိတ်ခြင်း၊ ပြာသိုတွင် မတ်ပဲစိုက်ခြင်းနှင့် တပေါင်းလတွင် မတ်ပဲရိတ်ခြင်းလုပ်ငန်းတို့ကို ရာသီအလိုက် လုပ်ကိုင်ဆောင်ရွက် ကြပါသည်။ ၎င်းလများသည် ဝင်ငွေကောင်းသောလများဖြစ်ပြီး အမျိုးသား၊အမျိုးသမီး တစ်နေ့လျှင်(၄၀၀၀) ကျပ်နှုန်း ပျှမ်းမျှရရှိကြပါသည်။
- ကျန်းမာရေးမှာရာသီအကူးအပြောင်းများတွင်မကောင်းတတ်ပဲ၊ ဝါခေါင်နှင့် နယုန်၊ ဝါဆို၊ တန်ဆောင်မုန်း၊ နတ်တော် လများတွင် နာစေး၊ ချောင်းဆိုး၊ တုတ်ကွေး စသော ရောဂါများ ဖြစ်ပွားတတ်ပါသည်။ကျန်းမာရေးအရေးပေါ်များ ကြုံတွေ့ရပါက ရေနံတောင်ဆေးခန်းနှင့် ဘက်ရဲပြည့်သူ့ဆေးရုံသို့ သွားရောက်ပြသကြပါသည်။
- ရေရရှိမှုမှာ မိုးရာသီတွင်သာ လုံလောက်စွာ ရရှိပြီး နွေရာသီတွင် ရှားပါး၍ ရေရရှိမှု ခက်ခဲကြောင်း တွေ့ရှိရပါသည်။
- ကျေးရွာ၏ ပွဲတော်ကျင်းပသောလရာသီများမှာ တန်ခူးတွင် သင်္ကြန်ပွဲတော်၊ ကဆုန်တွင် ညောင်ရေသွန်းပွဲတော်၊ ဝါဆိုလတွင် ဝါဆိုသင်္ကန်းကပ်ခြင်း ဥပုဒ်သီတင်းဆောက်တည်ခြင်း သီတင်းကျွတ်တွင် မီးထွန်းပွဲတော်နှင့် တန်ဆောင်မုန်းလတွင် ကထိန်ပွဲများ တပို့တွဲတွင် ထမနဲပွဲနှင့် တပေါင်းလတွင် ရှင်ပြုရဟန်းခံခြင်းများ ကျင်းပကြပါသည်။
- ရွှေ့ပြောင်းလုပ်သားများအနေဖြင့် မိမိနေရပ်မှခွါကာ၊ ရန်ကုန်စသည့် မြို့ကြီးများပေါ်သို့ သွားရောက်အလုပ် လုပ်ကိုင်ကြသော လူငယ်လူရွယ်များရှိပြီး၊ တန်ခူး နှင့် သီတင်းကျွတ် ကဲ့သို့သော ပိတ်ရက်ရှည်များသော လများတွင်၊ မိမိတို့ဇာတိရပ်ရွာသို့ ပြန်လာတတ်ကြောင်း သိရပါသည်။
- လမ်းပန်းဆက်သွယ်ရေးအနေဖြင့်မိုးကာလများဖြစ်သောဝါဆိုဝါခေါင်နှင့်တော်လင်းလများတွင် ရွာတွင်းနှင့် ရွာချင်းဆက်လမ်းများ ပျက်ဆီးဆိုးရွားကြောင်း သိရပါသည်။
- သဘာဝဘေးအန္တရာယ် နှင့် ကျေးရွာ၏လမ်းပန်းဆက်သွယ်ရေး အခြေနေများမှာ၊ မိုးရာသီဖြစ် သော နယုန်၊ ဝါဆို၊ ဝါခေါင်၊ တော်သလင်း လရာသီများတွင် တောင်ကျရေများစီး၍ လမ်းများပျက်စီးပါသည်။

## ၆. ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များ နှင့် တစ်ခုခြင်းစီအတွက် သုံးသပ်ချက်များ

<u>(ဂ) လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း နှင့် သုံးသပ်ချက်</u>





ဥစ္စာဓနအဆင့်သတ်မှတ်ခြင်းပြပုံ

**ဥစ္စာခနေကြွယ်ဂမူဇယား (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

- ကျေးရွာတွင် ( က၊ ခ၊ ဂ၊ ဃ ) အဆင့်( ၄ ) ဆင့်သတ်မှတ်ပြီးရေးဆွဲခဲ့သည်။ (က)အဆင့် အိမ်ထောင်စုများသည် ချမ်းသာ၊ (ခ)အဆင့် အိမ်ထောင်စုများသည် အသင့်အတင့်၊ (ဂ)အဆင့် အိမ်ထောင်စုများသည် နွမ်းပါး၊ (ဃ)အဆင့် အိမ်ထောင်စုများသည် အလွန်နွမ်းပါးဟူ၍ သတ်မှတ်သည်။
- (က) အဆင့် ချမ်းသာသောအုပ်စုမှာ (၈) အိမ်ထောင်စုရှိပြီး၊ ရာခိုင်နှုန်းအားဖြင့် (၁၃)% အသင့်အတင့်အုပ်စုမှာ (၁၈) အိမ်ထောင်စု ရာခိုင်နှုန်းအားဖြင့် (၂၈)% နွမ်းပါးသောအုပ်စုမှာ (၃၄) အိမ်ထောင်စု ရာခိုင်နှုန်းအားဖြင့် (၅၃)% နှင့် အလွန်နွမ်းပါးသော အုပ်စုမှာ (၇) အိမ်ထောင်စုရှိပြီး ရာခိုင်နှုန်းအားဖြင့် (၆)% တွေ့ရှိခဲ့ပါသည်။
- မပြေလည်သော နှင့် အလွန်နွမ်းပါးသော အကြောင်းအရင်းများမှာ လက်လုပ်လက်စားများခြင်း၊ ပုံမှန်ဝင်ငွေ ရရှိရန်အတွက် အလုပ်အကိုင်၊ အခွင့်အလမ်း နည်းပါးခြင်း၊ လယ်ယာမြေ ပိုင်ဆိုင်မှုမရှိခြင်း၊ မိဘများဗဟုသုတနည်းပါးခြင်း နှင့် ပညာရေးတွင် ဆုံးခန်းတိုင်အောင် သင်ကြားမပေး နိုင်ခြင်း စသည်တို့ကြောင့် ဖြစ်ကြပါသည်။ပိုင်ဆိုင်မှုမှာ ဖက်မိုး/သက်ငယ်မိုး ဝါးကြမ်း ထရံကာဖြစ်ပြီး အိမ်မွေးအဖြစ် ကြက်၊ဝက် အနည်းငယ် မွေးမြူကြပါသည်။
- အလွန်နွမ်းပါးသော အုပ်စုမှာ ရာခိုင်နှုန်းအားဖြင့် အားဖြင့် အများဆုံးဖြစ်နေသည်ကိုတွေ့ရပြီး အလုပ်အကိုင် အခွင့်အရေးများတွင် ဦးစားပေး လုပ်ကိုင်စေခြင်း ပညာရေးကဏ္ဍများတွင် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးခြင်းများဖြင့် ဝိုင်းဝန်းဆွဲခေါ် အားပေးရန် လိုအပ်ကြောင်း သိရှိခဲ့ရပါသည်။
- အစီအစဉ်ရေးဆွဲရာတွင် နွမ်းပါးသူများ၏ အားလပ်ချိန်တွင် ရေးဆွဲခြင်း၊ နွမ်းပါးသူများနှင့် ကျေးရွာ လူထု၏ သတ်မှတ်သော အဆင့်များ ၊၄င်းတို့၏ လိုအပ်ချက်များ၊ ကျေးရွာ၏ ဆန္ဒသဘောထားများ ကို ဦးစားပေး၍ စဉ်းစား ရေးဆွဲခဲ့ပါသည်။
- ကျေးရွာအခြေခံအဆောက်အဦးများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက် ရာတွင် ကျေးရွာလူထု နွမ်းပါးသူများ ဂင်ရောက် လုပ်ကိုင်ခြင်း အားဖြင့် လုပ်အားခရရှိပြီး၊ ဂင်ငွေများများ ရရှိလာမည်ဖြစ်သည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကျေးရွာတွင် လုပ်ကိုင်ခြင်းဖြင့် ကျေးရွာ လူထုမှ အချိန်ကုန်မှုများ လျော့လာပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်မှု အတွက် ထောက်ပံ့ ပေးနိုင်မည်ဖြစ်သည်

၆. ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များ နှင့် တစ်ခုခြင်းစီအတွက် သုံးသပ်ချက်များ

<u>(ဃ) အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ နှင့် သုံးသပ်ခြင်း</u>





အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ


## အဖွဲ့အစည်းချိတ်ဆက်ပြပုံ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

- ကျေးရွာအတွင်းရှိသောအဖွဲ့အစည်းများမှာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျောင်းကော်မတီအဖွဲ့၊ ကျေးရွာရပ်မိ/ဖအဖွဲ့၊အရံမီးသတ်တပ်ဖွဲ့၊ ကျေးရွာအမျိုးသမီးအဖွဲ့ ကျေးရွာလူငယ်အဖွဲ့၊ ဂေါပကအဖွဲ့၊ World Vision အဖွဲ့ နှင့် လူထုဗဟိုပြုစီမံကိန်းအဖွဲ့ တို့ဖြစ်ကြပြီး၊ ကျေးရွာပြင်ပရှိ အဖွဲ့အစည်းများမှာ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်မိခင် နှင့် ကလေး၊ မြို့နယ်အမျိုးသမီးရေးရာ၊ မြို့နယ်မီး သတ်အဖွဲ့၊ မြို့နယ်ကျောင်းကော်မတီ၊ မြို့နယ် World Vision အဖွဲ့ နှင့် မြို့နယ်လူထုဗဟိုပြု စီမံကိန်းအဖွဲ့တို့ဖြစ်ကြပါသည်။
- ကျေးရွာရှိ အုပ်ချုပ်ရေးပိုင်းသည် ကျေးရွာအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အုပ်ချုပ်ရေးပိုင်းများကို အဓိကဦးဆောင်မှုပြုလုပ်ကြပြီး၊ ကျေးရွာ နှင့် ကျေးရွာအုပ်စုဖွံ့ဖြိုးရေးလုပ်ငန်းများ၊ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင်၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့ အတူပူးပေါင်း၍ အချင်းချင်း၊ ချိတ်ဆက် ဆောင်ရွက်ကြပါသည်။
- ကျေးရွာအတွင်း နှင့် ကျေးရွာပြင်ပရှိ အဖွဲ့အစည်းများသည် လိုအပ်ပါက၊ ကျေးရွာ၏ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး နှင့် ကျေးရွာ၏လိုအပ်ချက်များ၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အတူတကွပူးပေါင်းဆောင်ရွက်ခြင်းဖြင့်၊အဖွဲ့အစည်းအချင်းချင်းချိတ်ဆက်ဆောက်ရွက်မှုပြုကြောင်း၊ တွေ့ရပါသည်။
- ကျေးရွာလူငယ်ပရဟိတအဖွဲ့သည် ကျေးရွာ၏ သာရေး၊ နာရေးများ နှင့် လူမှုရေးလုပ်ငန်းများကို အုပ်ချုပ်ရေး အဖွဲ့ နှင့် ချိတ်ဆက်၍ ဆောင်ရွက်ကြပြီး၊ လူငယ်ပရဟိတအဖွဲ့တွင် အမျိုးသား နှင့် အမျိုးသမီးများလည်း ဖွဲ့စည်းပါဝင်ကြပါသည်။ ၄င်းတို့သည် ကျေးရွာသာရေး၊ နာရေးများ ဆောင်ရွက်ကြရုံသာမက၊ ကျေးရွာသာရေး၊ နာရေး နှင့် ချက်ရေးပြုတ်ရေး၊ ကျွေးမွေးဧည့်ခံ ရေးတို့တွင် အမျိုးသား၊ အမျိုးသမီးများအတူပူးပေါင်းပါဝင်ဆောင်ရွက်ကြပါသည်။
- ဂေါပကအဖွဲ့၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး၊ ကျောင်းကော်မတီ၊ လူထုဗဟိုပြု နှင့် မီးသတ်အဖွဲ့ စသည်တို့သည်လည်း အုပ်ချုပ်ရေးအဖွဲ့နှင့်ချိတ်ဆက်၍ ကျေးရွာဖွံ့ဖြိုးရေးကို ဆောင်ရွက်လျှက် ရှိကြောင်းတွေ့ရှိ ရပါသည်။

## ၆. ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များ နှင့် တစ်ခုခြင်းစီအတွက် သုံးသပ်ချက်များ

(င) အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု သုံးသပ်ချက်






အရင်းအမြစ် များအပေါ် လွှမ်းမိုးမှု နှင့် ဆုံးဖြတ်နိုင်မှု

**အရင်းအမြစ် အသုံးပြုမှု/ထိန်းချုပ်မှု(ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

- အရင်းအမြစ် ပိုင်ဆိုင်မှု၊ အသုံးပြုမှု တို့တွင် အမျိုးသမီးများ နှင့် အမျိုးသားများသည် ၊ ဥယျာဉ်၊ တောင်ယာ ၊ ကိုင်း ၊ စာသင်ကျောင်း၊ ရေတွင်း၊ တုံကင် ၊လယ်၊ နွား၊ စက်ဘီး၊ ဆိုင်ကယ် စသည်တို့ကို အတူတူအသုံးပြု ပိုင်ဆိုင်ကြသည်ကို တွေ့ရ သည်။
- အပ်ချုပ်စက်နှင့် ပဲပေါင်းဆွ ပေါက်ပြားကို အမျိုးသမီးများက သီးသန့် အသုံးပြု ပိုင်ဆိုင် ကြသည်။
- လယ်ထွန်စက်၊ ထွန်၊ ထယ်၊ စက်တုံး၊ လှည်း များကို အမျိုးသားများမှ သီးသန့် အသုံးပြု ကြပါသည်။
- အမျိုးသားများနှင့် အမျိုးသမီးများ သည် လုပ်ငန်းဆောင်ရွက်မှု အပေါ်တွင်မူတည်ပြီး ပိုင်ဆိုင်မှု ထိန်းချုပ်မှုတို့တွင် ကွဲပြားခြားနား သွားကြပြီး ယေဘုယျအားဖြင့် အသုံးပြုမှု ထိန်းချုပ်မှုတို့ တွင် တန်းတူရှိကြောင်း တွေ့ရပါသည်။
- လူမှုရေး ဆောင်ရွက်ရာတွင် လည်းကောင်း၊ ကျေးရွာ၏ အစည်းအဝေးများတွင် ပါဝင် လုပ်ဆောင် ရာတွင် လည်းကောင်း၊ အစည်းအဝေးများတွင် ပါဝင်ဆွေးနွေးခြင်း၊ တက်ရောက်ခြင်း၊ အပြန်အလှန် တိုင်ပင် ဆုံးဖြတ်ခြင်းဖြင့် အမျိုးသား နှင့် အမျိုးသမီး တန်းတူညီမျှသော အခွင့်အရေးကို ညီမျှအောင် ဆောင်ရွက်နိုင်လိမ့်မည်ဟု ထင်မြင် သုံးသပ် မိပါသည်။

၆. ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များ နှင့် တစ်ခုခြင်းစီအတွက် သုံးသပ်ချက်များ

<u>(စ) ပင့်ကူအိမ်ကွန်ယက်နှင့်သုံးသပ်ချက်</u>





ပင့်ကူအိမ်ကွန်ယက်

## ပင့်ကူအိမ်သုံးသပ်ချက်ဆွေးနွေးခြင်းနှင့် ဆန်းစစ်ချက်

- ပင့်ကူအိမ်သုံးသပ်မှုပြပုံစံကို ဆွေးနွေးရာတွင် အုပ်ပွဲကျေးရွာအနေဖြင့် အမျိုးသားနှင့် အမျိုးသမီး ကျား/မ တန်းတူညီမျှရေးသည် များစွာကွာဟမှုရှိနေသည်ကို တွေ့ရပါသည်။
- အုပ်ချုပ်ရေးပိုင်းတွင် အမျိုးသားသည် (၉၀) %၊ အမျိုးသမီးသည် (၁၀) % နှင့် အိမ်တွင်းမှုပိုင်း တွင် အမျိုးသမီးသည် (၉၀) %၊ အမျိုးသားသည် (၂၀) %
- အဖွဲ့အစည်းဦးဆောင်မှုတွင် အမျိုးသားသည် (၉၀) %၊ အမျိုးသမီးသည် (၂၀) %၊ မိမိကိုယ်မိ-မိ လုံခြုံစိတ်ချမှု အပိုင်းတွင် အမျိုးသားသည် (၉၀) %၊ အမျိုးသမီးသည် (၂၀) %
- ကျန်းမာရေး စောင့်ရှောက်မှုအပိုင်းတွင် အမျိုးသမီးသည် (၉၀) %၊ အမျိုးသားသည် (၂၀) %၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ပညာရေးပိုင်းတွင် အမျိုးသားများသည် (၈၀) % နှင့် အမျိုးသ-မီးများသည် (၃၀) % ဖြစ်နေသည်ကို တွေ့ရှိရပြီး၊
- ပစ္စည်းဥစ္စာပိုင်ဆိုင်မှု တစ်ခုတွင်သာ အမျိုးသားနှင့် အမျိုသမီးသည် (၅၀း၅၀) % စီဖြင့် အချိုး ညီနေသည်ကို တွေ့ရပါသည်။
- ထိုကြောင့် ကျေးရွာအနေဖြင့် အမျိုးသားနှင့် အမျိုးသမီး ညှိနိုင်းဆောင်ရွက်ခြင်း လိုအပ်ချက်-များကို ဖြည်ဆည်းမြှင့်တင်ပေးခြင်း၊ ညီမျှသော လူနေမှုဘ၀အတွက် များစွာအချိန်ပေးရန် လို-အပ်ကြောင်း သုံးသပ်မိပါသည်။
- အမျိုးသား/ သမီး အသိပညာပေးဆိုင်ရာ ဖလှယ်ဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ လုပ်ပိုင်ခွင့်/ ရပိုင် ခွင့်များ ဆုံးဖြတ်ချက်ချသည့် နေရာများတွင် ကျား-မ တန်းတူ ပွင့်လင်းစွာ ထုတ်ဖော်ဆွေးနွေး ခြင်းအားဖြင့် ပင့်ကူအိမ်ကွန်ယက် ပုံဏ္ဍာန်သည် ကျေးရွာ၏ လူနေမှုနှင့်အတူ လှပစွာ အသက် ဝင်နေမည်ဖြစ်ကြောင်း သိမြင်ခံစားရပါသည်။

## ၆. ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များ နှင့် တစ်ခုခြင်းစီအတွက် သုံးသပ်ချက်များ

(ဆ) ကျေးရွာအခက်အခဲပြဿနာအပေါ် သုံးသပ်ချက်




အခက်အခဲပြဿနာများ

**အခက်အခဲ ပြဿနာများ (ဆွေးနွေးခြင်းနှင့် စမ်းစစ်ချက် )**

**အမျိုးသားများမှ တင်ပြသောအခက်အခဲပြဿနာများ**


- အရေးပေါ်အခြေအနေအတွက်သွားလာရေးယာဉ်ခက်ခဲခြင်း
- ရေအရင်းအမြစ်ရှားပါးခြင်း
- ဝင်ငွေနှင့်ထွက်ငွေမမျှတခြင်း
- ပညာရေးဆုံးခန်းတိုင်အောင်မသင်ကြားနိုင်ခြင်း
- အလုပ်မကိုင်အခွင့်အလမ်းရှားပါးခြင်း
- မိုးရာသီတွင်သွားလာရေးခက်ခဲခြင်း
- လယ်ထွက်သီးနှံများဈေးနှုန်းကောင်းစွာမရရှိခြင်း

**အမျိုးသမီးများမှတင်ပြသောအခက်အခဲပြဿနာများ**

- ကျေးရွာလူထုစုဝေးရန်နေရာမရှိခြင်း
- ကျန်းမာရေးစောင့်ရှောက်မှုအခက်အခဲရှိခြင်း
- အမျိုးသမီးများအတွက်အိမ်တွင်းမှုဝင်ငွေတိုးရန်အလုပ်မရှိခြင်း
- အလုပ်အကိုင်ရှားပါးခြင်း
- ရေရရှိရန်အချိန်ကြာကြာခပ်ရသည့်အခက်ခဲ
- ကျေးရွာလုံခြုံမှုရှိရန်ခြံစည်းရိုးမရှိသည့်အခက်အခဲ
- မီးဘေးလုံခြုံမှုမရှိသည့်အခက်အခဲ

## ၆. ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များ နှင့် တစ်ခုခြင်းစီအတွက် သုံးသပ်ချက်များ

<u>(ဓ) ကျေးရွာ မျှော်မှန်းချက်လုပ်ငန်းများအပေါ် သုံးသပ်ချက်</u>




ကျေးရွာမျှော်မှန်းချက်

**ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်များ ( ဆွေးနွေးခြင်းနှင့် စမ်းစစ်ချက် )**

**အမျိုးသားများမှ တင်ပြသော မျှော်မှန်းချက်များ**


- ကျေးရွာတွင် ဗဟုသုတ တိုးပွားရန် စာကြည့်တိုက် လိုချင်ပါသည်။
- လယ်ထွက်သီးနှံများ တင်းမှန် ဈေးမှန်လိုချင်ပါသည်။
- အလုပ်အကိုင် အခွင့်အလမ်း ရရှိစေချင်ပါသည်။
- ချောင်းကူးတံတား ရှိစေချင်ပါသည်။
- လျှပ်စစ်မီးလင်းစေချင်ပါသည်။
- အရေးပေါ်ယာဉ် ရှိစေချင်ပါသည်။
- ပညာရေး အထောက်အပံ့များ ရှိစေချင်ပါသည်။

**အမျိုးသမီးများမှ တင်ပြသော မျှော်မှန်းချက်များ**

- အစည်းအဝေး ခန်းမဆောင် ရှိစေချင်ပါသည်။
- ကျန်းမာရေးအတွက် ဆေးခန်းရှိစေချင်ပါသည်။
- အိမ်တွင်းမှုသင်တန်း ပေးစေချင်ပါသည်။
- အလုပ်အကိုင် အခွင့်အလမ်း ပေါ်များစေချင်ပါသည်။
- သောက်သုံးရေ ဖူလုံစေချင်ပါသည်။
- ကျေးရွာခြံစည်းရိုး ခိုင်ခံ့စေချင်ပါသည်။
- မီးဘေးအန္တရာယ် ကာကွယ်ရန် မီးသတ်ရေကန် ရှိစေချင်ပါသည်။

၆. ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များ နှင့် တစ်ခုခြင်းစီအတွက် သုံးသပ်ချက်များ

<u>(□) ကျေးရွာ ဦးစားပေးလုပ်ငန်းများအပေါ် သုံးသပ်ချက်</u>




ဦးစားပေးလုပ်ငန်းများ

**<u>ဦးစားပေးလုပ်ငန်းများ အဆင့်သတ်မှတ်ချက်( ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက် )</u>**

**ကဏ္ဍအလိုက် ဦးစားပေး ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ**

အစည်းအဝေး ခန်းမဆောင်

စက်ရေတွင်း ရေစင် ရေပိုက်သွယ်တန်းခြင်း

စာကြည့်တိုက်

ချောင်းကူးတံတား

ကျေးရွာအနေဖြင့် ဦးစားပေးလုပ်ငန်း (၄) ခုထွက်ရှိခဲ့ပြီး အစည်းအဝေးခန်းမမှာ ကျေးရွာ၏ အဓိက ဦးစားပေးလုပ်ငန်း ဖြစ်ပါသည်။ ဒုတိယနှစ်စက်ဝန်းတွင် အုပ်စုသဘောတူညီချက်အရ လုပ်ငန်းရပ်နားခဲ့ပြီး တတိယနှစ်စက်ဝန်းတွင် လုပ်ငန်းဆောင်ရွက်မည် ဖြစ်ပါသည်။

၇။ ကော်မတီဝင်များရွေးချယ်ခြင်း နှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ



လူမှုဆန်းစစ်ခြင်းများအား ကျေးရွာလူထုကိုယ်တိုင်မှ ပူးပေါင်းပါဝင်ရေးဆွဲနေပုံ




ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ

၈။ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ အဖွဲ့ဝင်စာရင်း

အုပ်စု။ ။ ကွင်းကြီး ကျေးရွာ။ ။ အုပ္ပံ

စတင်ဖွဲ့စည်းသည့်ရက်စွဲ။ ၂၈-၉-၂၀၁၇

| စဉ် | အဖွဲ့ | ရာထူး | အမည် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကျေးရွာစီ/ထောက် | ဥက္ကဋ္ဌ | ဦးသန်းဇော်ဝင်း | ၀၉၄၅၅၃၅၅၁၄၆ | |
| ၂ | | ဥက္ကဋ္ဌ | ဒေါ်မြမြပြာဝင်း | ၀၉၇၈၉၇၅၈၁၁၈ | |
| ၃ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးလှဝင်းကြိုင် | ၀၉၉၅၃၂၂၀၅၈၉ | |
| ၄ | | အဖွဲ့ဝင် | ဦးသန်းဇော်နိုင် | ၀၉၂၆၄၄၆၄၅၄၃ | |
| ၅ | | အဖွဲ့ဝင် | ဒေါ်တင်အေးမိုး | ၀၉၉၆၇၆၃၁၀၅၉ | |
| ၆ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဦးထွန်းဇော်မင်း | ၀၉၉၇၄၀၄၈၇၇၃ | |
| ၇ | | အဖွဲ့ဝင် | ဒေါ်ခင်ချော | ၀၉၄၀၀၆၈၄၄၇၄ | |
| ၈ | | အဖွဲ့ဝင် | ဦးခင်နိုင်ဝင်း | ၀၉၉၆၂၄၆၇၉၅၈ | |
| ၉ | လည်ပတ်ရေးနှင့် ပြုပြင်ထိန်း သိမ်းရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်ခင်ဆွေဝင်း | - | |
| ၁၀ | | အဖွဲ့ဝင် | ဒေါ်ထားထားဝင်း | - | |
| ၁၁ | | အဖွဲ့ဝင် | ဦးဝင်းတင် | - | |
| ၁၂ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဒေါ်သက်ဆုမွန် | - | |
| ၁၃ | အကြံပြုတိုင်ကြား ဖြေရှင်းရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဦးလှိုင်ထွေး | ၀၉၉၇၃၀၂၀၇၆၀ | |
| ၁၄ | | အဖွဲ့ဝင် | ဒေါ်ချိုချိုခိုင် | ၀၉၄၂၂၉၅၃၃၀၁ | |
| ၁၅ | စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးစိုးလင်းအောင် | ၀၉၉၆၇၆၃၁၀၀၈ | |
| ၁၆ | | အဖွဲ့ဝင် | ဒေါ်ရီရီလှိုင် | - | |

<u>တာဝန်ကျဝန်ထမ်းများ</u>

လူထုစည်းရုံးရေးမှူး - ဒေါ်ထက်ထက်လှိုင်

လက်ထောက်နည်းပညာမှူး - ဒေါ်အေးသဇင်နိုင်

**ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)**

| | | | | | | |
|---|---|---|---|---|---|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ | | | | | | |
| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် ဦးဘိုမောင်ချစ် | | | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် 09967086071 | | လူထုစည်းရုံးရေးမှူး၏ အမည် [illegible] | |
| ပြည်နယ်၊တိုင်းဒေသကြီး ဧရာဝတီ | မြို့နယ် | ကြံခင်း | ကျေးရွာအုပ်စု ကွင်းကြီး | | ကျေးရွာ | [illegible] |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၆၇ | ဘာသာ (၁) ဗုဒ္ဓဘာသာ | ၆၇ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | - | - | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၆ | | ၅ |
| စစ်ဘေးရှောင် | - | - | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)------ဗမာ | ၁၁၈ | ၁၂၃ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အိမ်ထောင်ဦးစီး | ၅၇ | ၁၀ |

**(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ**

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | အခြား | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | |

**(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)**

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား [illegible]

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ✓ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်---✓---/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---၂၀ မိနစ်--- ထော်လာဂျီ/✓မော်တော်ဆိုင်ကယ်/ခြေလျှင်/လှေ/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်---၃၀ မိနစ်--- ထော်လာဂျီ/✓မော်တော်ဆိုင်ကယ်/ခြေလျှင်/လှေ/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ------[illegible]

**(၉) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) [illegible] (၄) မိဘဆရာအဖွဲ့

(၂) world vision (၅) [illegible] အဖွဲ့

(၃) [illegible] အဖွဲ့

ကျေးရွာခေါင်းဆောင် အမည် [illegible]

လက်မှတ် [signature] နေ့စွဲ 8.9.2017

လူထုစည်းရုံးရေးမှူး အမည် [illegible]

လက်မှတ် [signature] နေ့စွဲ 8.9.2017

# ပုံစံ - ၈ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဒေါ်ထက်ထက်လှိုင် | | | |
| နေ့စွဲ ၂၈ . ၉ . ၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ကွင်းကြီး | ကျေးရွာ ဒုဋ္ဌ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၈.၉.၁၇ | ၂၈.၉.၁၇ | ၂၀ | ၂၇ | ၄၇ | ၄၇ | ဗမာ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၈.၉.၁၇ | ၂၈.၉.၁၇ | ၂၀ | ၂၇ | ၄၇ | ၄၇ | ဗမာ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁၉.၁၀.၁၇ | ၁၉.၁၀.၁၇ | ၂၃ | ၁၈ | ၄၁ | ၄၁ | ဗမာ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၁၄.၁၂.၁၇ | ၁၄.၁၂.၁၇ | မလို | မလို | မလို | မလို | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၂၁.၁၂.၁၇ | ၂၁.၁၂.၁၇ | ၄ | ၆ | ၁၀ | ၁၀ | ဗမာ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| *လမ်းညွှန်ချက်။* အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |

လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဒေါ်ထက်ထက်လှိုင်

နေ့စွဲ ၂၈ . ၉ . ၂၀၁၇

စက်ဝန်းအား အမှတ်ခြစ်ပါ (✓) ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☑ စက်ဝန်း(၃) ☐ စက်ဝန်း(၄)

ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ဂွင်ကြီး | ကျေးရွာ ဒုပ္ပဲ

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | ရေအရင်းအမြစ်ရှားပါးခြင်း၊ | ၁ | ကျေးရွာလူထုစုဝေးရန်အခါ မဏ္ဍပ်မရှိခြင်း၊ |
| ၂ | ဝင်ငွေထွက်ငွေ မမျှတခြင်း၊ | ၂ | ကျန်းမာရေးဆောင်ရွက်မှုအခက်အခဲရှိခြင်း၊ |
| ၃ | ပညာရေးဆုံးခန်းတိုင်မသင်ကြားနိုင်ခြင်း၊ | ၃ | အမျိုးသမီးများအတွက်အိမ်တွင်းမှဝင်ငွေရရန်အလုပ်မရှိခြင်း၊ |
| ၄ | အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း၊ | ၄ | အလုပ်အကိုင်ရှားပါးခြင်း၊ |
| ၅ | မိုးရာသီတွင်သွားလာရေးခက်ခဲခြင်း၊ | ၅ | ရေရရှိမှုအချိန်ကြာကြာခပ်ရသည့်အခက်အခဲ |
| ၆ | လယ်ထွက်သီးနှံများဈေးနှုန်းကောင်းစွာမရရှိခြင်း၊ | ၆ | ကျေးရွာလမ်းပြုပြင်ရန်ခင်းစရာမရှိသည့်အခက်အခဲ |
| ၇ | အရေးပေါ်အခြေအနေအတွက် သွားလာရေးသည်ခက်ခဲခြင်း၊ | ၇ | မီးဘေးလုံခြုံစိတ်ချရမှုမရှိသည့်အခက်အခဲ |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | အသိပညာတိုးပွားရန်စာကြည့်တိုက်ရှိစေချင်သည်။ | ၁ | ကျန်းမာရေးအတွက်ဆေးခန်းရှိစေချင်ပါသည်။ |
| ၂ | လယ်ထွက်သီးနှံများ တင်ပို့ဈေးနှုန်းလိုချင်ပါသည်။ | ၂ | အိမ်တွင်းမှဝင်ငွေရှာလို့ရစေချင်သည်။ |
| ၃ | အလုပ်အကိုင်အခွင့်အလမ်းရရှိစေချင်သည်။ | ၃ | အလုပ်အကိုင်အခွင့်အလမ်းပေါ်များစေချင်ပါသည်။ |
| ၄ | ချောင်းကူးတံတားရှိစေချင်သည်။ | ၄ | သောက်သုံးရေလုံလောက်စေချင်ပါသည်။ |
| ၅ | လျှပ်စစ်မီးလင်းစေချင်သည်။ | ၅ | အစည်းအဝေးခန်းမဆောင်ရှိစေချင်ပါသည်။ |
| ၆ | အရေးပေါ်ယာဉ်ရှိစေချင်သည်။ | ၆ | ကျေးရွာလမ်းခင်းနိုင်စေချင်ပါသည်။ |
| ၇ | ပညာရေးအထောက်အပံ့များရရှိစေချင်သည်။ | ၇ | မီးဘေးအန္တရာယ်ကာကွယ်ရန်မီးသတ်ရေကန်ရှိစေချင်ပါသည်။ |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | အစရာ၊ အဝေးခန်၊ မခေါဝင် | မ | ၄၈ သိန်း | ၂၄၁ |
| ၂ | စက်ရေတွင်း၊ ရေစင် ရေပိုက် သွယ်တန်းခြင်း၊ | ကျား + မ | ၅၂ သိန်း | ၂၄၁ |
| ၃ | စာကြည့်တိုက် (၁၅'×၁၈') R.C | ကျား | ၆၀ သိန်း | ၂၄၁ |
| ၄ | ချောင်းရိုး၊ တံတား (၇၀'×၆') | ကျား + မ | ၁၅၀ သိန်း | ၂၄၁ |
| ၅ | | | | |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | အိမ်မတွင်း၊ ဈေးဆိုင်တန်း၊ | မ | |
| ၂ | အရေးပေါ်ယာဉ် | ကျား | |
| ၃ | အလုပ်အကိုင်အခွင့်အလမ်း၊ | မ | |
| ၄ | | | |
| ၅ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦးသန်းအောင် ---- လက်မှတ် ---------- (signature) ---------- နေ့စွဲ ---- ၂၈ . ၆ . ၂၀၁၇

လူထုဗဟိုပြုစီမံကိန်း၊စီမံကိန်း

အပိုင်း-၃ ၉.၉.၂၀၁၅

**ပုံစံPC-၄ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ**

| | |
|---|---|
| *လမ်းညွှန်ချက်။ ။ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏ အကူအညီဖြင့်ပြည့်စုံစွာဖြည့်သွင်းရမည်။ဤပုံစံအားပြည့်စုံစွာဖြည့်သွင်းပြီးပါကကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင်နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ CF မှ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။* | |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် - ဒေါ်ထက်ထက်လှိုင်၊ ဒေါ်အေးသဇင်မိုင် | |
| နေ့စွဲ - ၁၉.၁၀.၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ(✓)□စက်ဝန်း(၁) □စက်ဝန်း(၂) ☑စက်ဝန်း(၃) □စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ဧရာဝတီ ; မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ကွင်းကြီး |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုး ခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ဘုံပုံ | ဘက်စုံသုံး ခန်းမ | ၂၀'×၄၀' | ၂၄၁ ဦး | □အမျိုးသား ☑အမျိုးသမီး ☑အမျိုးသားနှင့် အမျိုးသမီး | ၉၀ သိန်း | - | | - | ၉၀ သိန်း |
| မှန်ကွင်း | ရွာတွင်း ကျောက်ပိုးထိုး ကြမြေနီလမ်း+မြောင်းချခြင်း | ၁၃၀၀'×၁၅'×၆" ၁၃၀၀'×၁၂'×၆" ၁၅၀၀'×၁၀'×၆" ၄၃၀၀'×၈'×၆" | ၃၃၄ ဦး | □အမျိုးသား □အမျိုးသမီး ☑အမျိုးသားနှင့် အမျိုးသမီး | ၅၆ သိန်း | - | | - | ၅၆ သိန်း |
| ဝက်လှူး (သုမင်္ဂလ) | ရွာတွင်း ချောင်းကျောက် လမ်း | ၄၅၀၀'×၁၈'× ၄" | ၄၅၀ ဦး | □အမျိုးသား □အမျိုးသမီး ☑အမျိုးသားနှင့် အမျိုးသမီး | ၅၂ သိန်း | - | | - | ၅၂ သိန်း |

လူထုဗဟိုပြုစီမံကိန်း၊စီမံကိန်း[illegible]

အပိုင်း-၃ ၊၉.၉.၂၀၁၅

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | | | | | |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | | | | | |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | | | | | |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ဦးစိန်းလွင်

လက်မှတ် [signature] ရက်စွဲ ၁၉.၁၀.၁၇

## ၁၃။ အစည်းအဝေးမှတ်တမ်း

ကြံခင်းမြို့နယ်၊ ကွင်းကြီးအုပ်စု၊ အုပ္ပံ့ကျေးရွာ

ပထမ+ဒုတိယအကြိမ်အစည်းအဝေးမှတ်တမ်း

အုပ္ပံ့ကျေးရွာတွင်ပထမ/ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးကို(၂၈.၉.၂၀၁၇)နေ့လည် (၁၂း၀၀) နာရီတွင် စတင်၍ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာစကားပြောကြားခြင်း။

- ဝန်ထမ်းများမှမိတ်ဆက်စကားပြောကြားခြင်း။

- ကျေးရွာစီ/ထောက်ကော်မတီများအား မိတ်ဆက်ခြင်း။

- ကျေးရွာလူထုအနေဖြင့် စီမံကိန်းအား မိတ်ဆက်ခြင်း။

- စီမံကိန်းအကြောင်းကျေးရွာလူထုနှင့်ဆွေးနွေးမေးမြန်းခြင်း။

- စီမံကိန်းစက်ဝန်းအား ကျေးရွာလူထုအားရှင်းပြခြင်း။

- ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးအကြောင်းရှင်းပြခြင်း။

- ကျား/မရေးရာ ကဏ္ဍအား ဆွေးနွေးတိုင်ပင်ခြင်း။

- ဆောင်ရန်ရှောင်ရန်များကို ရှင်းပြခြင်း။

- စီမံကိန်းတွင် အဓိကပါဝင်သူများကို ကျေးရွာလူထုသိရှိအောင် ဆွေးနွေးတိုင်ပင်ပြီးကျေးရွာလူထုအား အဓိက ပါဝင်သူများ၏ တာဝန်ဝတ္တရားများကို ရှင်းပြခြင်း။

လူမှုဆန်းစစ်ချက်များဖြစ်သည့်

- လူမှုနှင့်သဘာဝအရင်းအမြစ်ကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။

- အဖွဲ့အစည်းချိတ်ဆက်ပြပုံကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။

- ပင့်ကူအိမ်သုံးသပ်ချက် ကိုအမျိုးသမီးများအား သီးသန့်တစ်ဝိုင်းဖွဲ့ပြီး ဆွေးနွေးပြီး အမျိုးသားများကိုလည်း ဝိုင်းဖွဲ့ဆွေးနွေးခဲ့သည်။

-အရင်းအမြစ်များအသုံးပြုမှု/ထိန်းချုပ်မှုကို ကျေးရွာလူထုနှင့်အတူ ဆွေးနွေးဖော်ထုတ် နိုင်ခဲ့သည်။

-ရာသီခွင်ပြပြက္ခဒိန်ကို ဖော်ထုတ်ဆွေးနွေးခြင်း၊

-ဥစ္စာဓနအဆင့်သတ်မှတ်ချက်ကို ဆွေးနွေးခြင်း၊

လူမှုဆန်းစစ်ချက်များကို ပြုလုပ်ပြီးသည့်နောက်တွင် ကျေးရွာလူထုအား ပြန်လည်အနှစ်ချုပ်ရှင်းပြခြင်း။

လူမှုဆန်းစစ်ခြင်းများကို အနှစ်ချုပ်ပြီးနောက်တွင်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် မည့်သည့် အခက် အခဲများက တားဆီးနေသလဲ ဟူသည်ကို အမျိုးသား/အမျိုးသမီး ဝိုင်းဖွဲ့ပြီးဆွေးနွေးခဲ့ကြသည်။

ကျေးရွာပြည်သူလူထုရှိမိမိကျေးရွာအပေါ်တွင်ထားရှိသောမျှော်မှန်းချက်များကို အမျိုးသား/အမျိုးသမီးဝိုင်းဖွဲ့ပြီး ဆွေးနွေး ခဲ့ကြသည်။ ကော်မတီများဖွဲ့စည်းပြီးနောက်ပိုင်းတွင် ကျေးရွာတွင်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးပြီးဖော်ထုတ်ခဲ့ကြ သည်။

စီမံကိန်းတွင်လူမှုအကာအကွယ်နှင့်သဘာဝ အကာအကွယ်များကိုရှင်းပြခြင်း။ စီမံကိန်းတွင် အကျုံး ဝင်/မဝင်ကို ရှင်းပြခြင်း။ဦးစားပေးလုပ်ငန်းများကိုလည်း ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခဲ့ကြသည်။

ကော်မတီများအား လက်မှတ်ရေးထိုးခြင်းနှင့် ဓာတ်ပုံမှတ်တမ်းတင်ပြီး အစည်းအဝေးအား ပိတ်သိမ်းခဲ့သည်။

************************************************

## ၁၄။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| ကျေးရွာကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | | | | | | |
|---|---|---|---|---|---|---|
| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှ ထောက်ပံ့ပေးသူ |
| အခြေခံအဆောက်အဦး | ၁ | အစည်းအဝေးခန်းမ | မ | ၂၀၁၈ | ကျေးရွာလူထု | လူထုဖဟိုပြုစီမံကိန်း |
| | ၂ | စက်ရေတွင်း ရေစင် ရေပိုက်သွယ်တန်းခြင်း | ကျား မ | ၂၀၁၉ | ကျေးရွာလူထု | လူထုဖဟိုပြုစီမံကိန်း |
| | ၃ | စာကြည့်တိုက် | ကျား | ၂၀၂၀ | ကျေးရွာလူထု | လူထုဖဟိုပြုစီမံကိန်း |
| | ၄။ | ချောင်းကူးတံတား | ကျား မ | ၂၀၂၁ | ကျေးရွာလူထု | လူထုဖဟိုပြုစီမံကိန်း |
| အသက်မွေးဝမ်းကြောင်း/ စိုက်ပျိုးရေး | ၅။ | အိမ်တွင်းမှုသင်တန်း | မ | ၂၀၂၂ | ကျေးရွာလူထု | ကျေးလက်ဦးစီး |
| | ၆။ | အလုပ်အကိုင်အခွင့်အလမ်း | မ | ၂၀၂၃ | ကျေးရွာလူထု | - |
| | | | | | | |
| | | | | | | |
| | | | | | | |
| ကျန်းမာရေးနှင့် အာဟာရ | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | ၆။ | အရေးပေါ်ယာဉ် | ကျား | ၂၀၂၄ | ကျေးရွာလူထု | ကျန်းမာရေးဦးစီးဌာန |
| | | | | | | |
| | | | | | | |
| | | | | | | |